# ၁၉၆၂ ခုနှစ်၊ မန္တလေးတက္ကသိုလ် အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄။]

နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ မန္တလေးတက္ကသိုလ်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ၁၉၅၇ ခုနှစ်၊ မန္တလေးတက္ကသိုလ်အက်ဥပဒေကို၊ ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

(၂) ယင်းသို့ရုပ်သိမ်းသည့်အခါ—

(က) မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ရမည်။

(ခ) မန္တလေး တက္ကသိုလ်ပိုင် ပစ္စည်း အားလုံး သည်၎င်း၊ မန္တလေး တက္ကသိုလ်၏ကြွေးမြီတာဝန်အားလုံးသည်၎င်း၊ အစိုးရ၌တည်ရှိ သက်ရောက်ရမည်။

၃။ ။ဤဥပဒေ စတင်အာဏာ တည်သည့် အချိန်မှအစပြု၍၊ နိုင်ငံတော်တော်လှန်ရေးအစိုးရသည်၊ မန္တလေးတက္ကသိုလ်အား၊ အဆိုပါ ရုပ်သိမ်းခြင်းခံရသော ၁၉၅၇ ခုနှစ်၊ မန္တလေးတက္ကသိုလ် အက်ဥပဒေဖြင့် ပေးအပ်ထားသည့် အာဏာနှင့် တာဝန်ဝတ္တရားများကို ဆက်လက်သုံးစွဲ ဆောင်ရွက်ရမည်။